
Panasonic®

# အသုံးပြုပုံလမ်းညွှန်ချက်များ

# ဆံပင်ပုံသွင်းစက်

မော်ဒယ်နံပါတ် ·  **EH-KA81/**
**EH-KA71/**
**EH-KA31**



ဤပန်နာဆိုးနစ်ထုတ်ကုန်အားဝယ်ယူအားပေးသည့်အတွက်ကျေးဇူးတင်ပါသည်။

ဤယူနစ်အားအသုံးမပြုမီအောက်ပါလမ်းညွှန်ချက်များကိုပြည့်စုံစွာဖတ်၍နောင်တွင်အသုံးပြုနိုင်ရန်သိမ်းဆည်းထားပါ။

# ဘေးကင်းလုံခြုံရေးကြိုတင်ကာကွယ်သတိပေးချက်

ဤဆံပင်ပုံသွင်းစက်အားအသုံးမပြုမီယခုလမ်းညွှန်ချက်များကိုကျေးဇူးပြု၍ပြည့်စုံစွာ ဖတ်ရှုပေးပါ။ယခုရှင်းပြထားသောလုံခြုံရေးဆိုင်ရာလမ်းညွှန်ချက်များသည်ဤဆံပင်ပုံသွင်းစက်အားသုံးရာတွင်မှန်ကန်စွာနှင့်စိတ်ချစွာအသုံးပြုနိုင်စေရန်အကူအညီပေးပါလိမ့်မည်။ထို့အပြင်သင်နှင့်အခြားသူများအားထိခိုက်ဒဏ်ရာရခြင်းမှကာကွယ်ရန်အတွက်လည်းအကူအညီပေးပါလိမ့်မည်။

**အရေးကြီးသတိပေးချက် :** အောက်တွင်ဖော်ပြထားသောလမ်းညွှန်ချက်များအားမလိုက်နာပါကမီးလောင်ခြင်း၊အပူလောင်ခြင်း၊ပေါက်ကွဲခြင်း၊တိုတောင်းသောလျှပ်စစ်ပတ်လမ်းတိုဖြစ်ပေါ်ခြင်း (သို့) ဓာတ်လိုက်ခြင်းများ ပေါ်ပေါက်လာနိုင်ပါသည်။

## ● လျှပ်စစ်နှင့်သက်ဆိုင်သောအခြေအနေများ



**အရေးကြီးသတိပေးချက် : ဆံပင်ပုံသွင်းစက်ပေါ်ရှိဤသင်္ကေတသည်“ရေအနီးအနားတွင်ဆံပင်ပုံသွင်းစက်အားအသုံးမပြုပါနှင့်”ဟုရည်ညွှန်းသည်။ ဤဆံပင်ပုံသွင်းစက်အား ရေချိုးကန်များ၊ရေပန်းများ၊လက်ဆေးကန်များ (သို့)အခြားသောရေထည့်သွင်းထားသည့်ခွက်များအနီးတစ်ဝိုက်တွင်အသုံးမပြုပါနှင့်။**

၁. အသုံးပြုပြီးသောအခါဆံပင်ပုံသွင်းစက်အားအမြဲတမ်းပိတ်ထားပေးပါ(“ဝ”နေရာ)။ ထို့နောက် ပါဝါပလပ်ပေါက်မှမဖြုတ်ခင်တွင်လည်းဆံပင်ပုံသွင်းစက်အားအမြဲတမ်းပိတ်ထားပေးပါ။အသုံးမပြုစဉ်အချိန်တွင်လည်းစက်အားပါဝါပလပ်ပေါက်မှဖြုတ်ထားပေးပါ။ပလပ်ဖြုတ်ရာတွင်ပလပ်အားအမြဲတမ်းကိုင်ဖြုတ်ပေးပါ။ထိုကဲ့သို့မပြုလုပ်ပါက မီးလောင်မှုနှင့်(သို့) မတော်တဆမှု များပေါ်ပေါက်လာနိုင်ပါသည်။

၂. ဆံပင်ပုံသွင်းစက်အားဆက်သွယ်မှုမပြုမီဆံပင်ပုံသွင်းစက်၏ဗို့အားသည်ဒေသဆိုင်ရာဗို့အားနှင့်ကိုက်ညီမှုရှိမရှိ စစ်ဆေးပေးပါ။

၃. ပလပ်ကြိုးအား ဖြတ်တောက်ခြင်းဒဏ်ဖြစ်စေခြင်း (သို့)ပြုပြင်ပြောင်းလဲခြင်းများမပြုလုပ်ပါနှင့်။ ပလပ်ကြိုးအားမလိုအပ်သောအားဖြင့်ဆွဲခြင်း၊လိပ်ခြင်း(သို့) ကွေးခြင်းများမပြုလုပ်ပါနှင့်။ပလပ်ကြိုးပေါ်တွင်လေးလံသောအရာဝတ္ထုများတင်ခြင်း (သို့) အရာဝတ္ထု များကြားဖိညှပ်မိခြင်းများမဖြစ်ပါစေနှင့်။ဆံပင်ညှပ်မိခြင်းများမဖြစ်ပါစေနှင့်။ဆံပင်ပုံသွင်းစက်အားပလပ်ကြိုးဖြင့်ရစ်ပတ်ခြင်းမပြုလုပ်ပါနှင့်။ထိုကဲ့သို့ပြုလုပ်ခြင်းသည်မီးလောင်မှု(သို့) ဓာတ်လိုက်ခြင်းများဖြစ်ပေါ်စေနိုင်ပါသည်။အကယ်၍ပလပ်ကြိုး သည်ပျက်စီးလာခြင်း (သို့) ပူလာခြင်းများဖြစ်ပေါ်လာပါက အသုံးပြုခြင်းမှချက်ချင်းရပ်တန့်လိုက်ပါ။

၄. ဆံပင်ပုံသွင်းစက်အား ရေချိုးခန်းထဲတွင်အသုံးပြုလျှင် အသုံးပြုပြီးသောအခါ ပလပ်ဖြုတ်ထားပေးပါ။အဘယ်ကြောင့်ဆိုသော်ဆံပင်ပုံသွင်းစက်အားခလုတ်ပိတ်ပြီးသည့်တိုင်အောင်ရေနှင့်အနီးအပါးတွင်အသုံးပြုခြင်းသည် ဘေးအန္တရာယ်ရှိနိုင်သောကြောင့်ဖြစ်သည်။

၅. အပိုဆောင်းကာကွယ်မှု အနေဖြင့် လျှပ်စစ်စီးဆင်းမှု ပတ်လမ်းအား ၃၀မီလီအမ်ပီယာ ထက်မကျော်လွန်စေသောအခါဓာတ်လိုက်မှုကာကွယ်ရေးပစ္စည်း (အာစီဒီ)အားရေချိုးခန်းသို့စီးဆင်းနေသည့်လျှပ်စစ်ပတ်လမ်းအတွက်တပ်ဆင်ထားသင့်ပါသည်။တပ်ဆင်ပေးမည့်သူအားအကြံဉာဏ်တောင်းနိုင်သည်။

## ● ဆံပင်ပုံသွင်းစက်အားအသုံးပြုခြင်း

၁။ ဆံပင်ပုံသွင်းစက်သည်လေအားအဆက်မပြတ်မထုတ်ပေးနိုင်သောအခါနှင့် ပလပ်ကြိုး(သို့) ပလပ်သည်ပျက်စီးခြင်း(သို့)ပူလာခြင်းများဖြစ်ပေါ်လာသောအခါ(သို့) ပလပ်သည်ပလပ်ပေါက်ထဲတွင်လျော့ရဲစွာသာထည့်သွင်းနိုင်သောအခါမျိုးတွင်ဆံပင်ပုံသွင်းစက်အားအသုံးပြုခြင်းမှချက်ချင်းရပ်တန့်လိုက်ပါ။

၂။ လေဝင်ပေါက်(သို့)လေထွက်ပေါက်ထဲသို့ပြင်ပ ပစ္စည်းများထည့်သွင်းခြင်းမပြုလုပ်ပါနှင့်။

၃။ မီးလောင်လွယ်သောပစ္စည်းများဖြစ်သည့်ဘန်ဇင်း၊သုတ်ဆေး၊ဖျန်းဆေး အစရှိသည့်ပစ္စည်းများအနားတွင်ဆံပင်ပုံသွင်းစက်အားအသုံးမပြုပါနှင့်။

၄။ သင်၏လက်များစိုစွတ်နေသောအချိန်တွင်ဆံပင်ပုံသွင်းစက်အားအသုံးမပြုပါနှင့်။

၅။ စိုထိုင်းစမြင့်သောနေရာတွင်ဆံပင်ပုံသွင်းစက်အားအသုံးမပြုခြင်း(သို့)ထားရှိခြင်းမပြုလုပ်ပါနှင့်။ဆံပင်ပုံသွင်းစက်အားရေထဲတွင်နှစ်မြှုပ်ခြင်းလည်းမပြုလုပ်ပါနှင့်။

၆။ ဤစက်အားကလေးများအပါအဝင်ထိတွေ့မှုအာရုံနှင့်စိတ်ပိုင်းဆိုင်ရာလုပ်ဆောင်နိုင်စွမ်းလျော့နည်းနေသူများ၊မည်သို့မည်ပုံ ဆောင်ရွက်ရန် အသုံးပြုမှုကိုညွှန်ကြားထားသဖြင့်အတွေ့အကြုံနှင့်ဗဟုသုတ မရှိသောသူများသည်ဤစက်အားလုံခြုံစိတ်ချစွာအသုံးမပြုနိုင်မည်စိုးသောကြောင့် အသုံးပြုရန် မသင့်တော်ပေ။အထူးသဖြင့်ကလေးများကို ဤစက်ဖြင့်ဆော့ကစားခြင်းမပြုလုပ်ရန် အထူးသတိပေးထား သင့်သည်။

## ● ဆံပင်ပုံသွင်းစက်အားပြုပြင်ခြင်း

၁။ ဆံပင်ပုံသွင်းစက်အားပြုပြင်ခြင်း၊ဖြုတ်ခြင်း(သို့) ပြောင်းလဲခြင်းများကိုသင်ကိုယ်တိုင်ပြုလုပ်ရန်မကြိုးစားပါနှင့်။

၂။ အကယ်၍ပါဝါကြိုးသည်ပျက်စီးသွားပါကအန္တရာယ်ဖြစ်ပေါ်ခြင်းမှတားဆီးကာကွယ်နိုင်ရန်၄င်းအားထုတ်လုပ်သူမှဖြစ်စေ၊ဝန်ဆောင်မှုကိုယ်စားလှယ်မှဖြစ် စေ(သို့)အလားတူစွာအရည်အချင်းပြည့်မီသောပညာရှင်မှဖြစ်စေလဲလှယ်တပ်ဆင်ပေးရမည်။

၃။ အကယ်၍ပါဝါကြိုး(သို့) ပလပ်သည်ပျက်စီးသွားပါက၄င်းအားအသုံးပြုခြင်းမှ ချက်ချင်းရပ်တန့်၍တရားဝင်ခွင့်ပြုထားသော ပန်နာဆိုးနစ်ဝန်ဆောင်မှုဌာနသို့ဆက်သွယ်အကြောင်းကြားပေးပါ။

## ● သတိပေးချက်

၁။ လေထွက်ပေါက်များပေါ်တွင်သင့်လက်များအားတင်ခြင်း(သို့)အကယ်၍ ၄င်းတို့ပျက်စီးနေချိန်တွင်၄င်းတို့အားအသုံးပြုခြင်းများမပြုလုပ်ပါနှင့်။ သင့်အနေဖြင့်အပူလောင်ခြင်းဖြစ်ပေါ်နိုင်ပါသည်။

၂။ ဆံပင်ပုံသွင်းစက်အားလူကြီးဆံပင်အတွက်သာခြောက်သွေ့စေရန်နှင့်ပုံဖော်ရာတွင်အသုံးပြုပေးပါ။ကလေးများအတွက်အသုံးမပြုပါနှင့်။

၃။ အကယ်၍ဆံပင်ပုံသွင်းစက်ပျက်စီးနေပါက၄င်းအားအသုံးမပြုပါနှင့်။

၄။ အသုံးပြုနေစဉ်နှင့်အသုံးပြုပြီးချိန်တို့တွင်ဆက်စပ်ပစ္စည်းများသည်ပူနေသောကြောင့်၄င်းတို့အားထိတွေ့ခြင်းမပြုလုပ်ပါနှင့်။


၅။ လေဝင်ပေါက်များအတွင်းသို့ဆံပင်ပိတ်စို့ခြင်းမဖြစ်ပါစေနှင့်။

၆။ သုတ်ဆေး၊ဘန်ဇင်း(သို့)အခြားသောဆေးရည်များဖြင့်ဆံပင်ပုံသွင်းစက်အားသန့်စင်ခြင်းမပြုလုပ်ပါနှင့်။


၇။ ဤဆံပင်ပုံသွင်းစက်တွင်အပူလွန်ကဲခြင်းအားအလိုအလျောက်ကာကွယ်ပေးနိုင်သည့်ပစ္စည်းအားတပ်ဆင်ထားပါသည်။အကယ်၍ဆံပင်ပုံသွင်းစက်သည်အပူလွန်ကဲလာပါက၄င်းပစ္စည်းသည်အေးသောလေအားထုတ်လုပ်ပေးပါလိမ့်မည်။ပါဝါပလပ်ပေါက်မှပလပ်ဖြုတ်လိုက်ပါ။နောက်ထပ်တစ်ကြိမ်ထပ်မံအသုံးမပြုမီစက်အားမိနစ်အနည်းငယ်ခန့်အအေးခံပေးပါ။ စက်အားနောက်တစ်ကြိမ်ဖွင့်၍အသုံးမပြုမီ လေဝင်ပေါက်နှင့်လေထွက်ပေါက်များတွင်အမွှေးအမျှင်များအစရှိသည်တို့ရှိမရှိ ကိုစစ်ဆေးပေးပါ။

# အစိတ်အပိုင်းများအားခွဲခြားသတ်မှတ်ခြင်း

- ၁ အဓိကကိုယ်ထည်
- ၂ ဆက်စပ်ပစ္စည်းများဖြုတ်သည့်ခလုတ်
- ၃ လေထွက်ပေါက်
- ၄ ချိတ်ဆွဲရန်အဝိုင်းကွင်း
- ၅ လေဝင်ပေါက်
- ၆ ပလပ်ကြိုး
- ၇ ပါဝါခလုတ် /အမြန်နှုန်းရွေးချယ်ရေးခလုတ်
  - ၀ း အပိတ်
  - ၁ း အအေးပုံစံ
  - ၂ း တည်ရှိမှုပုံစံ
  - ၃ း ခြောက်သွေ့မှုပုံစံ





## အိတ်အားအသုံးပြုပုံ EH-KA81




# ဆံပင်ပုံသွင်းစက်အားအသုံးပြုပုံ


## ဆက်စပ်ပစ္စည်းများတပ်ဆင်ခြင်း



- ပုံတွင်ပြထားသည့်အတိုင်းဆက်စပ်ပစ္စည်းအားချိန်ညှိပါ။ဆက်စပ်ပစ္စည်း၏မြောင်းနေရာနှင့် ကိုယ်ထည်၏ချိတ်နေရာနှစ်ခုသည်ဖြောင့်တန်းမှုရှိနေပါစေ။ ဆံပင်ပုံသွင်းဆက်စပ်ပစ္စည်းများ အတွင်းသို့ကလစ် အသံမြည်သည်အထိထိုးစိုက်ပါ။
- ဆက်စပ်ပစ္စည်းများဖြုတ်သည့်ခလုတ်အားနှိပ်၍ဆက်စပ်ပစ္စည်းအားဆွဲထုတ်ဖြုတ်ယူပါ။

**တလိမ့်တုံးဘီးအားအသုံးပြုနေစဉ်တွင်ရှုပ်ထွေးသောဆံပင်မဖြစ်ပေါ်စေရန်အတွက်အောက်ပါအချက်များကိုပြုလုပ်ပါ။**




- တလိမ့်တုံးလိမ့်သည့်အချိန်တွင်ဆံပင်အနည်းငယ်ကိုသာ ဆွဲယူပါ။ထို့နောက်ဆံပင်အားပုံ တွင်ပြထားသည့်အတိုင်းထောင့်မှန်ကျအောင် (၉၀ဒီဂရီ) လိမ့်ပေးပါ။
- တစ်ကြိမ်သုံးလျှင်အလိပ် ၂လိပ်ထက်မပိုပါစေနှင့်။
- တလိမ့်တုံးအားခေါင်းမှတတ်နိုင်သမျှခွာနိုင်သလောက်ခွာထားပေးပါ။တလိမ့်တုံးအား အလိပ်ဖြေရာတွင် သင်၏ဆံပင်အားထောင့်မှန်အနေအထားဖြင့် သာသုံးစွဲပေးပါ။
- ဆံပင်အားလိပ်ခြင်း(သို့)အလိပ်ဖြေခြင်းတို့အတွက်စောင်းနေသောထောင့်အနေအထား ဖြင့်မသုံးစွဲပါနှင့်။

# ဆက်စပ်ပစ္စည်းများဖြင့်မိတ်ဆက်ခြင်း

## သဘာဝဘီး

သဘာဝဆံပင်ပုံစံရရှိစေရန်အတွက်အသုံးပြုသည်။

**EH-KA81** **EH-KA71** **EH-KA31**







ဆံပင်ပမာဏအနည်းငယ်ကိုအတွင်းဘက်မှဆွဲယူကာညင်သာစွာဆွဲချ၍ဖြီးပါ။လစ်လပ်နေသော လက်ဖြင့်ဖြီးနေသောဆံပင်အားအထောက်အပံ့ပြုလုပ်ပေးပါ။

## သေးသွယ်သောတလိမ့်တုံးဘီး

ဆံပင်ပမာဏပုံဖော်ရန်နှင့်လှိုင်းတွန့် (သို့) အကောက်တွန့်များပုံဖော်ရာတွင် အသုံးပြုပါသည်။

**EH-KA81**








ဆံပင်ပမာဏအနည်းငယ်ကိုယူ၍ဆံပင်အားအဖျားပိုင်းမှကောက်ပေးပါ။

# တလိမ့်တုံးဘီး

သဘာဝအဖြောင့်(သို့)ကြီးမားသောဆံပင်ကောက်ပုံစံများကိုပုံဖော်ရာတွင်အသုံးပြုပါသည်။

**EH-KA81** **EH-KA71** **EH-KA31**







ဆံပင်အားအရင်းမှအဖျားသို့ ခြောက်သွေ့စေရန် လေဖြင့်မှုတ်၍ဆံပင်အဖျားပိုင်းအားကောက်ပေးပါ။

# ဆံပင်ကောက်တံ

လှပသောမြွေလိမ်မြွေကောက်သဏ္ဍာန်ဆံပင်အားပုံဖော်ရာတွင်အသုံးပြုပါသည်။


**EH-KA81** **EH-KA71** **EH-KA31**






ဆံပင်အနည်းငယ်အားယူ၍ညှပ်ထဲသို့ထည့်ပါ။ လိုချင်သည့်ဦးတည်ချက်အတိုင်းသံ၏ပတ်ပတ်လည်တွင်တင်းကျပ်စွာလိမ့်ပေးပါ။သင်လိုချင်သည့်ဆံပင်အကောက်ပုံစံကိုမူတည်၍လားရာမတူညီသောဆံပင်ကောက်များကိုဖန်တီးနိုင်ရန်အတွက်ဆံပင်အားအတွင်းဘက်(သို့)အပြင်ဘက်သို့ကောက်ပေးနိုင်ပါသည်။

# ဆံပင်ပမာဏပုံဖော်တံ



ဆံပင်ပမာဏ ပုံဖော်ရာတွင် အသုံးပြုပါသည်။


EH-KA81 EH-KA71



ဆံရစ်အားမ တင်ရန်ဆံပင်အရင်းပိုင်းတွင်နွေးသောလေဖြင့်ညင်သာစွာအပူပေးပါ။




ဘေးနှစ်ဖက်တွင်ထပ်ရောက်လာသောဆံပင်များအတွက်ဆံပင်အားထိပ်ပိုင်းဆီသို့ရောက်အောင်ဖြီးပေးပါ။



အရင်းပိုင်းမှအပေါ်သို့ထပ်ရောက်လာသောဆံပင်များအတွက်ပူနွေးသောလေအားမှုတ်ပေးနေစဉ်တွင်မ တင်ပေးသောဘီးအားအသုံးပြုပါ။

# ပိုက်ခေါင်း




ဆံပင်အားလုံးအားခြောက်သွေ့သွားစေရန်အတွက်အသုံးပြုပါသည်။

EH-KA81 EH-KA71



# ဆံညှပ်များ




EH-KA81 EH-KA71



မြန်မာ

# ဆံပင်ပုံသွင်းစက်အားထိန်းသိမ်းခြင်း

လေဝင်ပေါက်နှင့်လေထွက်ပေါက်များတွင် ပိတ်ဆို့မှုများမဖြစ်စေရန် သန့်ရှင်းရေး ကိုပြုလုပ်ပေးပါ။ထိုပိတ်ဆို့မှုများသည်အပူလွန်ကဲမှုကိုဖြစ်ပေါ်စေနိုင်ပါသည်။
အနည်းဆုံးတစ်လလျှင်တစ်ခါဆံပင်ပုံသွင်းစက်အားသန့်ရှင်းရေးပြုလုပ်ပေးသင့်သည်။
ဆံပင်ပုံသွင်းစက်အားသန့်ရှင်းရေးပြုလုပ်ရန် ပါဝါခလုတ်အား [၀] သို့ပြောင်းထား၍ဆံပင်ပုံသွင်းစက်အားပါဝါပလပ်ပေါက်မှပလပ်ဖြုတ်ထားပေးပါ။



- လေထွက်ပေါက်အားစုတ်တံကိုအသုံးပြု၍ပုံပါအတိုင်းသန့်ရှင်းရေးပြုလုပ်ပါ။
- လေဝင်ပေါက်အားသန့်ရှင်း ရေးပြုလုပ်ရန်စကာစစ်အားလက်ဝဲ ရစ်လှည့် ကာ ၄င်းအားသင် ရှိရာ ဘက်သို့ ဆွဲယူပေးပါ။
- စုတ်တံအားအသုံးပြု၍ဖုန်(သို့) ဆံပင်တို့အားရှင်းလင်းဖယ်ရှားပါ။
- စကာစစ်အားပြန်လည်တပ်ဆင်ရန်ချိတ်ဆက်ပစ္စည်း၏မြောင်းနေရာနှင့် စကာစစ်၏အစွန်းနေရာသို့သည်လိုင်းတစ်လိုင်းထဲတွင်တည်ရှိနေပါစေ။ပြီး နောက်တစ်ထပ်တည်းကျသွားစေရန်လိမ်လိုက်ပါ။

# အသေးစိတ်အချက်အလက်များ

မော်ဒယ်နံပါတ်: EH-KA81

| ဗို့အား | ၁၁၀ဗို့ ၆၀ဟတ်ဇ် * | ၂၂၀ဗို့ ၅၀–၆၀ဟတ်ဇ် | ၂၃၀ဗို့ ၅၀–၆၀ဟတ်ဇ် | ၂၄၀ဗို့ ၅၀–၆၀ဟတ်ဇ် |
|---|---|---|---|---|
| အထွက်ဝပ်အား | ၆၀၀ဝပ် | ၅၅၀ဝပ် | ၆၀၀ဝပ် | ၆၅၀ဝပ် |
| ထုထည် | ၄၈(အနံ) × ၁၉၅(အနက်) × ၄၈(အမြင့်)မီလီမီတာ (အဓိကထုထည်) | | | |
| ဆက်စပ်ပစ္စည်းများ | သဘာဝဘီး၊ သေးသွယ်သောတလိမ့်တုံးဘီး ၊တလိမ့်တုံးဘီး၊ဆံပင်ကောက်တံ၊ဆံပင်ပမာဏပုံဖော်တံ၊ ပိုက်ခေါင်း ၊ ဆံညှပ်များ၊ အိတ် | | | |

## မော်ဒယ်နံပါတ်: EH-KA71

| ဗို့အား | ၁၁၀ဗို့ ၆၀ဟတ်ဇ် * | ၂၂၀ဗို့ ၅၀–၆၀ဟတ်ဇ် | ၂၃၀ဗို့ ၅၀–၆၀ဟတ်ဇ် | ၂၄၀ဗို့ ၅၀–၆၀ဟတ်ဇ် |
|---|---|---|---|---|
| အထွက်ဝပ်အား | ၆၀၀ဝပ် | ၅၅၀ဝပ် | ၆၀၀ဝပ် | ၆၅၀ဝပ် |
| ထုထည် | ၄၈(အနံ) × ၁၉၅(အနက်) × ၄၈(အမြင့်)မီလီမီတာ (အဓိကထုထည်) | | | |
| ဆက်စပ်ပစ္စည်းများ | သဘာဝဘီး၊တလိမ့်တုံးဘီး၊ဆံပင်ကောက်တံ၊ဆံပင်ပမာဏပုံဖော်တံ၊ပိုက်ခေါင်း၊ဆံညှပ်များ | | | |

## မော်ဒယ်နံပါတ်: EH-KA31

| ဗို့အား | ၁၁၀ဗို့ ၆၀ဟတ်ဇ် * | ၂၂၀ဗို့ ၅၀–၆၀ဟတ်ဇ် | ၂၃၀ဗို့ ၅၀–၆၀ဟတ်ဇ် | ၂၄၀ဗို့ ၅၀–၆၀ဟတ်ဇ် |
|---|---|---|---|---|
| အထွက်ဝပ်အား | ၆၀၀ဝပ် | ၅၅၀ဝပ် | ၆၀၀ဝပ် | ၆၅၀ဝပ် |
| ထုထည် | ၄၈(အနံ) × ၁၉၅(အနက်) × ၄၈(အမြင့်)မီလီမီတာ (အဓိကထုထည်) | | | |
| ဆက်စပ်ပစ္စည်းများ | သဘာဝဘီး၊တလိမ့်တုံးဘီး၊ဆံပင်ကောက်တံ | | | |

* ထိုင်ဝမ်တွင်သာရရှိနိုင်သည်။

Panasonic Manufacturing (Thailand) Co., Ltd.

Navanakorn Industrial Estate, Zone 3, No. 106 Moo 18, Klong 1,
Klong Luang, Patum Thani 12120, Thailand